[illegible]
**Karenni Civil Society Network**

P.O. Box - 100, Mae Hong Son, 58000, Thailand
Phone: 06 5329 7814, E-mail:kcsn2010@gmail.com


မတ်လ ၆ရက်၊ ၂၀၂၆ ခုနှစ်

## ကရင်နီလူမှုအသင်းအဖွဲ့များကွန်ရက်၏ တစ်လတစ်ကြိမ် အခြေအနေ တင်ပြချက်၊ ဖေဖော်ဝါရီလ ၁-၂၈ ရက်နေ့ထိ၊၂၀၂၆ ခုနှစ်

## ကရင်နီပြည်နယ်နှင့် ဖယ်ခုံမြို့နယ်အတွင်း စစ်ကောင်စီ၏ ချိုးဖောက်မှုများ အကျဉ်း

| စဉ် | | ဖေဖော်ဝါရီလ ၁ရက်- ၂၀၂၁ ဇန်နဝါရီလ ၃၁ရက်၊ ၂၀၂၆ | ဖေဖော်ဝါရီလ ၁-၂၈ရက်၊ ၂၀၂၆ | စုစုပေါင်း |
|---|---|---|---|---|
| ၁ | အရပ်သားများ သတ်ဖြတ်ခံရခြင်း | ၇၂၀ | ၄ | ၇၂၄ |
| ၂ | အရပ်သားများ ဖမ်းဆီးခံရခြင်း | ၅၉၂ | | ၅၉၂ |
| ၃ | အရပ်သားများ ထိခိုက်ဒဏ်ရာရခြင်း | ၉၆၅ | ၉ | ၉၇၄ |
| ၄ | အဆောက်အအုံများ ပျက်စီးဆုံးရှုံးမှုများ | | | |
| | လွိုင်ကော်မြို့နယ် | ၁၅၈၆ | | ၁၅၈၆ |
| | ဒီးမော့ဆိုမြို့နယ် | ၆၉၅ | ၃ | ၆၉၈ |
| | မယ်စဲ့မြို့နယ် | ၃၇ | | ၃၇ |
| | ဖယ်ခုံမြို့နယ် | ၈၄၇ | | ၈၄၇ |
| | ဖရူဆိုမြို့နယ် | ၁၆၅ | ၆ | ၁၇၁ |
| | ဘောလခဲမြို့နယ် | ၃၅ | | ၃၅ |
| | ရှားတောမြို့နယ် | ၅၆ | | ၅၆ |
| | ဖားဆောင်းမြို့နယ် | ၁၉၀ | ၅ | ၁၉၅ |

စကစ စစ်ဆင်ရေးနှင့် ချိုးဖေါက်မှုများပြုလုပ်သည့်နေရာ၊ ဖေဖော်ဝါရီလ ၁-၂၈ရက်နေ့ထိ၊၂၀၂၆ ခုနှစ်



တောင်ပိုင်းသို့ စစ်ကြောင်းထိုးလာသော စစ်ကောင်စီ၏ ဗုံး၊လက်နက်ကြီးများ တိုက်ခိုက်မှုကြောင့် အရပ်သားလေးဦးသေဆုံးပြီး ကိုးဦးဒဏ်ရာရရှိ

ဖေဖော်ဝါရီလအတွင်း ဖရူဆို၊ ဘောလခဲနှင့် ဖားဆောင်းတို့ကို ဆက်သွယ်ထားသော အဓိကအဝေးပြေး လမ်းမကြီးကို ပြန်လည်ထိန်းချုပ်ရန်အတွက် စစ်ကောင်စီတပ်မှ လေကြောင်းနှင့် လက်နက်ကြီး ပစ်ခတ်တိုက်ခိုက်မှုများပိုမိုလုပ်ဆောင်လာခဲ့ပြီး မြေပြင်၌စစ်ကြောင်းထိုးလာသော တပ်ဖွဲ့များသည်လည်း တော်လှန်ရေး တပ်ပေါင်းစုများကို တိုက်ထုတ်ရန် အရှိန်မြှင့်တင်လျက်ရှိသည်။ ထိုတိုက်ခိုက်မှုများကြောင့် ကိုယ်ဝန်ဆောင် အမျိုးသမီးတစ်ဦးအပါအဝင် အရပ်သား ၄ဦး သေဆုံးပြီး ကလေးငယ်နှစ်ဦးအပါအဝင် ၉ဦး ဒဏ်ရာရရှိခဲ့သည်။ ဖေဖော်ဝါရီလ နောက်ဆုံးပတ်တွင် စစ်ကောင်စီတပ်နှင့် ၎င်း၏မဟာမိတ်တပ်ဖွဲ့ ပအိုဝ်ပြည်သူ့စစ် PNO များသည် မိုးဗြဲမြို့အနောက်ဘက်ရှိ ကျေးရွာနှစ်ရွာတွင် နယ်မြေရှင်းလင်းရေး စစ်ဆင်ရေး စတင်ခဲ့ခြင်းကြောင့် ပြည်သူများ ထပ်မံရှောင်တိမ်းကြရသည်။

*ဖေဖော်ဝါရီလအတွင်း ဖြစ်ပွားခဲ့သော ပဋိပက္ခများ၏ အချိန်ဇယား*

ဖေဖော်ဝါရီလ ၄ ရက်၊ မနက်၁၁နာရီအချိန်ခန့် ဖားဆောင်းမြို့နယ် သံလွင်တံတားရှိနေရာအနီးအနားကို စစ်ကောင်စီတပ်များမှ လေယာဉ်နှင့်ဒရုန်းများဖြင့် ဗုံးကြဲခြင်း၊ လက်နက်ကြီးများဖြင့် ရံဖန်ရံခါပစ်ခတ် တိုက်ခိုက်ခြင်းတို့ကြောင့် ဒေသခံများ လုံးခြုံရေးအတွက် စိုးရိမ်ထိတ်လန့်နေကြရသည်။

ဖေဖော်ဝါရီလ ၅ ရက်၊ မနက်၁နာရီဝန်းကျင်ခန့်အချိန် ဖားဆောင်းမြို့နယ်၊ မော်ချီးဒေသရှိ လိုလောထီးရွာကို စစ်ကောင်စီတပ်မှ လေယာဉ်ဖြင့် ဗုံးကြဲတိုက်ခိုက်ခဲ့ခြင်းကြောင့် အသက်၇၀အရွယ် အမျိုးသမီးတစ်ဦးသေဆုံးခဲ့ပြီး ၃ဦးဒဏ်ရာရရှိကာ နေအိမ်တချို့ဗုံးစထိမှန်ပျက်စီးခဲ့သည်။

ဖေဖော်ဝါရီလ ၅ ရက် နေ့မှစပြီး စစ်ကောင်စီတပ်သားများသည် ဖရူဆိုမြို့နယ်နှင့် ဘောလခဲမြို့နယ်အစပ်ရှိ နန်းဖဲကျေးရွာအနီးအနာကို ပြန်လည်တပ်စွဲခဲ့ပြီးနောက် နေ့စဉ်ရက်ဆက် လက်နက်ကြီးများပစ်ခတ်ခြင်း၊

ဒရုန်းများဖြင့် ဗုံးကြဲတိုက်ခိုက်ခြင်းများ လုပ်ဆောင်နေခြင်းကြောင့် ယခင်စစ်ရှောင်းပြည်သူများသည် လုံးခြုံရေး အတွက် ထပ်မံတိမ်းရှောင်ကြသူများရှိသည်။

ဖေဖော်ဝါရီလ ၆ ရက်၊ မနက်၉နာရီခွဲဝန်းကျင်အချိန် ရှမ်း-ကရင်နီနယ်စပ် ဖယ်ခုံမြို့နယ်အနောက်ခြမ်းကို ဖယ်ခုံမြို့အခြေစိုက် စစ်ကောင်စီတပ်မှ လက်နက်ကြီးပစ်ခတ်ခဲ့ခြင်းကြောင့် အသက်၅၆နှစ်အရွယ် အမျိုးသားတစ်ဦး သေဆုံးခဲ့ပြီး ကျန်တစ်ဦးပြင်းထန်ဒဏ်ရာရရှိခဲ့သည်။

ဖေဖော်ဝါရီလ ၉ ရက်၊ ဒီးမော့ဆိုအနောက်ခြမ်း ကျေးရွာတစ်ရွာရှိ ရေတွင်းပျက်ထဲတွင် လူအရိုးစုအများအပြားကို တွေ့ရှိခဲ့သည်။ အချိန်ကြာမြင့်စွာရှိနေခဲ့သော ထိုအရိုးစုများဟာ မည်သူမည်ဝါဖြစ်ကြောင့် အတည်မပြုနိုင်ပါ။

ဖေဖော်ဝါရီလ ၁၂ ရက်၊ စစ်ကောင်စီတပ်သားများသည် ဖရူဆိုမြို့နယ်နှင့် ဘောလခဲမြို့နယ်အစပ်ရှိ နန်းဖဲကျေးရွာ အနီးအနား စစ်ရှောင်ပြည်သူများထံ လက်နက်ကြီးပစ်ခတ်ခဲ့ခြင်းကြောင့် အသက်၄၀ ဝန်းကျင်အရွယ် ကိုယ်ဝန်ဆောင် စစ်ရှောင်အမျိုးသမီးတစ်ဦး လက်နက်ကြီးစထိမှန်သေဆုံးခဲ့သည်။

ဖေဖော်ဝါရီလ ၁၄ ရက်၊ မနက်၁၁နာရီဝန်းကျင်အချိန် လွိုင်ကော်မြို့နယ်၊ အရှေ့ဘက်ခြမ်းရှိ စစ်ရှောင်စခန်း တစ်နေရာကို စစ်ကောင်စီတပ်များမှ ဒရုန်းဖြင့်ပစ်ခတ်တိုက်ခိုက်ခဲ့ခြင်းကြောင့် စစ်ရှောင်ကလေး အသက်၃နှစ်နှင့် ၆နှစ် ယောကျာ်းလေးနှစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ဖေဖော်ဝါရီလ ၁၅ ရက်၊ မနက်ပိုင်းတွင် ဖားဆောင်းမြို့နယ်ရှိ သံလွင်မြစ်ကူးတံတားကို စစ်ကောင်စီတပ်များမှ ကာမီကာဇေဒရုန်းဖြင့် ၂ကြိမ်တိုက်ခိုက်မှုပြုလုပ်ခဲ့ပြီး တံတားပေါ် ဖြတ်သန်းသွားလာနေသည့် ကားများကိုလည်း ပွိုင့်ဖိုက်များဖြင့် ပစ်ခတ်ခဲ့သည်။ ညနေပိုင်းတွင်လည်း လေကြောင်းဖြင့် ဗုံးကြဲတိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည်။

ဖေဖော်ဝါရီလ ၁၅ ရက်၊ စစ်ကောင်စီတပ်သားများသည် ဖရူဆိုမြို့နယ်နှင့် ဘောလခဲမြို့နယ်အစပ်ရှိ နန်းဖဲကျေးရွာ အနီးအနား စစ်ရှောင်ပြည်သူများထံသို့ ဒရုန်းဖြင့် ဗုံးကြဲတိုက်ခိုက်ခဲ့ခြင်းကြောင့် စစ်ရှောင်အမျိုးသားတစ်ဦး ပြင်းထန်ဒဏ်ရာရရှိခဲ့သည်။

ဖေဖော်ဝါရီလ ၁၇ ရက်၊ မနက်ပိုင်းတွင် ကုန်သွယ်ရေးနှင့် လမ်းပန်းဆက်သွယ်ရေးအတွက် အားထားနေရသော ဖားဆောင်းမြို့ရှိ သံလွင်မြစ်ကူးတံတားကို မိုင်းဆွဲဖောက်ခွဲပျက်စီးခံရတဲ့အတွက် ပြည်သူများ သွားလာရေးတွက်ခက်ခဲလျှက်ရှိသည်။

ဖေဖော်ဝါရီလ ၁၈ရက်၊ မနက်၉နာရီခွဲအချိန် စစ်ကောင်စီတပ်များမှ ဒီးမော့ဆိုမြို့နယ် အရှေ့ဘက်ခြမ်းရှိ ကျေးရွာတစ်ရွာကို ဒရုန်းဖြင့် ဗုံးကြဲတိုက်ခိုက်ခဲ့ခြင်းကြောင့် အသက်၃၆နှစ်ရှိ ဒေသခံအမျိုးသားတစ်ဦး ဗုံးစထိမှန်သေဆုံးခဲ့ပြီး နေအိမ်တချို့လည်း ပျက်စီးသွားခဲ့သည်။

ဖေဖော်ဝါရီလ ၂၆ရက်၊ မွန်းလွဲ ၂နာရီအချိန် ဖရူဆိုမြို့နယ်ရှိ ကျေးရွာတစ်ရွာကို စစ်ကောင်စီ၏ တန်းမြင့်စစ်လေ့ကျင့်ရေးကျောင်း အမှတ် (၁၄)မှ လက်နက်ကြီး၄ကြိမ်ထက်မနည်း ပစ်ခတ်တိုက်ခိုက်ခဲ့ခြင်းကြောင့် ရွာထဲနှင့် ခန်းမဆောင်အနီးတွင် ကျရောက်ပေါက်ကွဲကာ အဆောက်အဦးတချို့ ပျက်စီးဆုံးရှုံးခဲ့ရသည်။

ဖေဖော်ဝါရီလ ၂၇ရက်၊ မနက် ၁၀နာရီမှ မွန်းလွဲ၁နာရီဝန်းကျင်အချိန်ထိ ဖရူဆိုမြို့အရှေ့ဘက်ခြမ်း၊ ဘောလခဲနှင့် ဖရူဆိုမြို့နယ်စပ်ရှိ ကျေးရွာနှစ်ရွာကို စစ်ကောင်စီမှY-၁၂ လေယာဉ်ဖြင့် ဗုံးကြဲတိုက်ခိုက်ခဲ့ခြင်းကြောင့် အသက်၂၀အရွယ် အမျိုးသားနှစ်ဦး၏ ခြေထောက်နှင့် တင်ပါးတွင် ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး အိမ်မွေးနွားများလည်း ထိခိုက်သေဆုံးမှုရှိခဲ့သည်။

**contact persons:**
Khu Ko Reh Tel: +66 65 329 7814
Maw Thue Myar Tel: +66 63 608 3153
Website : www.karennicsn.org
Facebook: https://www.facebook.com/kcsnengbur
Email: kcsn2010@gmail.com